# ဒီနေ့အတွက် သိကောင်းစရာ (၃၈)

## (၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၃၀) ရက်

### လက်ပ်တိုစပိုင်ရိုးစစ် (Leptospirosis) ရောဂါဆိုတာဘာလဲ? ဘာကြောင့် သတိပြုရပါမလဲ?

- လက်ပ်တိုစပိုင်ရိုးစစ်ရောဂါသည် လက်ပ်တိုစပိုင်ရာ (Leptospira Species) ဘက်တီးရီးယား ရောဂါပိုးကြောင့် ဖြစ်ပွားသော တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါ (Zoonotic disease) ဖြစ်ကာ ကပ်ရောဂါအဖြစ်ရောက်ရှိသည်အထိ ဖြစ်ပွားနိုင်ပါတယ်။
- ရောဂါကူးစက်ခံရနိုင်ချေပိုမိုများပြားသူများမှာ - တိရစ္ဆာန်တို့၏ ဆီးနှင့် အညစ်အကြေးများ ရောနှောပါဝင်နေသည့်ရေများ (ညစ်ညမ်းသောရေများ)အတွင်း အလုပ်လုပ်ကိုင်ကြရနိုင်သူများဖြစ်သည့် တောင်သူလယ်သမားများ၊ မိုင်းတွင်းလုပ်သားများ၊ သန့်ရှင်းရေးလုပ်သားများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်သားများဖြစ်ပါတယ်။
- မိုးရာသီနှင့် ကောက်ရိတ်သိမ်းချိန် ကာလများတွင် ရောဂါဖြစ်ပွားမှု ပိုမိုများပြားလေ့ရှိပြီး ရေကြီးရေလျှံစဉ်ကာလများနှင့် မုန်တိုင်းတိုက်ပြီးချိန်တွင် ရောဂါကူးစက်ဖြစ်ပွားမှု သိသာစွာ ပိုမိုများပြားနိုင်ပါတယ်။
- ရောဂါကူးစက်ပုံကတော့ - ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များ (ကြွက်၊ နွား၊ ဝက်၊ ခွေး၊ မြင်း၊ ကျွဲ၊ သိုး၊ ဆိတ် စသည်...)၏ ဆီးနှင့် အညစ်အကြေးများတွင် ပါဝင်သောရောဂါပိုးများသည် ရေမှတစ်ဆင့် ထိတွေ့သူ (လူ)များ၏ အရေပြား (အထူးသဖြင့် အနာနှင့် ပွန်းပဲ့ဒဏ်ရာများ)၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့မှတစ်ဆင့် ဝင်ရောက်၍ ရောဂါကူးစက်ခြင်းခံရနိုင်ပါတယ်။
- ရောဂါလက္ခဏာတွေကတော့ - ဖျားခြင်း၊ ချမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ အရေပြားတွင်အနီစက်/ အနီကွက်များထွက်ခြင်း၊ မျက်လုံးနီရဲခြင်း၊ ချောင်းဆိုး သွေးပါခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသားဝါခြင်းတို့ဖြစ်၍ အချိန်မီကုသမှုမခံယူပါက အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါတယ်။
- ရောဂါကာကွယ်နိုင်တဲ့နည်းလမ်းတွေကတော့ - လယ်ယာလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လည်ရှည် ဖိနပ်၊ လက်အိတ်စသည့် အကာအကွယ်များ ဝတ်ဆင်ခြင်း၊ ခန္ဓာကိုယ် (အထူးသဖြင့် ခြေလက်များ)တွင် အနာများ၊ ပွန်းပဲ့ဒဏ်ရာများရှိပါက ရေလုံသော ပလာစတာများ ကပ်ထားခြင်း၊ မိုးရာသီနှင့် ကောက်ရိတ်သိမ်းချိန် ကာလများအတွင်း ရေလျှံနေသောနေရာများရှိ ရေအိုင်များ၌ ဆော့ကစားခြင်း/ ရေချိုးခြင်း/ ရေကူးခြင်းများကို ရှောင်ကြဉ်ခြင်း၊ ရေကို ကျိုချက်ပြီးမှသာ သောက်သုံးခြင်း၊ စားကြွင်းစားကျန်နှင့် အမှိုက်သရိုက်များအား အဖုံးပါသောအမှိုက်ပုံးအတွင်း လုံခြုံစွာ စွန့်ပစ်ခြင်းတို့ ဖြစ်ပါတယ်။
- လက်ပ်တိုစပိုင်ရိုးစစ်ရောဂါဟု အတည်ပြုနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်ပြသ၍ ဓာတ်ခွဲစစ်ဆေးရန် လိုအပ်ပါတယ်။

**လက်ပ်တိုစပိုင်ရိုးစစ်ရောဂါကို သိရှိကာကွယ်ဖို့နဲ့ နီးစပ်ရာကျန်းမာရေးဌာနမှာ စောစီးစွာ အချိန်မီဆေးကုသမှုခံယူရန် လိုအပ်ပါတယ်။**

